ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး
သတင်းထုတ်ပြန်ချက်

၂၀၁၆ ခုနှစ်၊ဒီဇင်ဘာလ( ၁ ) ရက်

၁။ ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ( ၁ ) ရက်နေ့ နံနက် ၁၀း၀၀ နာရီ၌ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ စုပေါင်းခန်းမတွင် အခြေခံစာရင်းကိုင်နှင့်ရုံးလုပ်ငန်းကျွမ်းကျင်မှု အမှတ်စဉ်(၂၂၇)သင်တန်း သင်တန်းဖွင့်ပွဲ အခမ်းအနားကျင်းပခဲ့ရာ ပြည်ထောင်စုစာရင်းစစ်ချုပ် တက်ရောက်၍ သင်တန်းဖွင့်လမ်းညွှန် အမှာစကား ပြောကြားခဲ့ပါသည်။

၂။ အဆိုပါအခမ်းအနားသို့ ညွှန်ကြားရေးမှူးချုပ်(စစ်ဆေးရေးဦးစီးဌာန)၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများ၊ ကထိကများနှင့် သင်တန်းသား/သင်တန်းသူ ( ၂၀၂ ) ဦး တက်ရောက်ခဲ့ကြပါသည်။

၃။ အခမ်းအနားတွင် ပြည်ထောင်စုစာရင်းစစ်ချုပ်က အောက်ပါအချက်များကို လမ်းညွှန်မှာကြားခဲ့ပါသည်-

- ယခုဖွင့်လှစ်သောသင်တန်းတွင် နိုင်ငံ့ဝန်ထမ်းများဖြစ်သည့် ဌာနအသီးသီးမှ စာရင်းတာဝန်ယူသူများ၊ ပစ္စည်းတာဝန်ယူသူများ တတ်သင့်တတ်ထိုက်သည့် စာရင်းဆိုင်ရာပညာရပ်တွေကို ယခုသင်တန်းက ပို့ချပေးမှာဖြစ်ကြောင်း၊
- ပို့ချမည့် ဘာသာရပ်များမှာ ဝန်ထမ်းတိုင်း သိထားသင့်သည့် ဝန်ထမ်းများနှင့် သက်ဆိုင်သည့် စည်းမျဉ်းစည်းကမ်းများ၊ ဘဏ္ဍာငွေအရ/အသုံးနှင့်သက်ဆိုင်သည့် စည်းမျဉ်းစည်းကမ်းများနှင့် စာရင်းဆိုင်ရာပညာရပ်များဖြစ်ပါကြောင်း၊
- သင်တန်းကာလအတွင်း မိမိတို့အတွက်၊မိမိတို့ဌာနအတွက်အကျိုးရှိအောင် သင်ခန်းစာများကို ဂရုတစိုက်လေ့လာမှတ်သားကြရန်နှင့် စိတ်ပါဝင်စားစွာလေ့လာသင်ယူမှသာ ပို့ချသည့် ဘာသာရပ်ကို သဘောပေါက်မှာဖြစ်ကြောင်း၊ မိမိဘက်မှ ကြိုးစားအားထုတ်ရန် လိုအပ်သလို One way သင်ကြားခြင်းထက် Two way ဖြစ်စေချင်သည့်အတွက် ဘာသာရပ် ဆိုင်ရာ မရှင်းလင်းသည့် အချက်များကို ပို့ချသည့် ကထိကများအား ဆွေးနွေးမေးမြန်းခြင်းပြုရန် အကြံပြုချင်ပါကြောင်း၊ ကြိုးစားမှသာ စာမေးပွဲဖြေဆိုနိုင်မှာ ဖြစ်၍ မဆုတ်မနစ်သောဇွဲနှင့် ကြိုးစားကြစေလိုကြောင်း၊
- စာမေးပွဲစနစ်နှင့်ပတ်သက်ပြီး ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ ဖွင့်လှစ်သော သင်တန်း အားလုံးမှာ ကထိကနှင့် Board of Examiner ကို သီးခြားစီ ထားရှိပြီး သင်ရိုးညွှန်းတမ်း အတိုင်း မေးခွန်းကိုထုတ်ပြီး စာမေးပွဲကို ဖြေဆိုရမှာ ဖြစ်ပါကြောင်း၊စာမေးပွဲကိုသင်တန်း ဆင်း အရည်အချင်း သတ်မှတ်ထုတ်ပြန်ပြီး သက်ဆိုင်ရာ ဝန်ကြီးဌာနများကိုပေးပို့သွားမှာ ဖြစ်ပါ

ကြောင်း၊ သင်တန်းစာမေးပွဲကို တစ်ကြိမ်သာဖြေဆိုခွင့်ရှိမှာဖြစ်သလို အခွင့်အရေးရရှိခိုက် ကြိုးစားကြပါရန် တိုက်တွန်းမှာကြားလိုပါကြောင်း၊

- နိဂုံးချုပ်အနေဖြင့် သင်တန်းသား/သူများသည် နိုင်ငံ့ဝန်ထမ်းများဖြစ်သည်နှင့်အညီ ဝန်ထမ်းများစောင့်ထိန်းလိုက်နာရမည့် ကျင့်ဝတ်စည်းကမ်းများကို အလေးထားလိုက်နာကြရန်လိုသလို သင်တန်းစည်းမျဉ်း၊စည်းကမ်းများကိုလည်း တိတိကျကျ လိုက်နာစောင့်ထိန်းကြပါရန် မှာကြားလိုပါကြောင်း၊

၄။ သင်တန်းဖွင့်ပွဲအခမ်းအနားကို နံနက် ၁၀း၃၀ နာရီတွင် ရုပ်သိမ်းခဲ့ပါသည်။

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး